ဘာသာပြန် စာရေးဆရာ – Action Shap

# ကီးဘုတ်အင်မော်တယ်

(ရူဒဓနီ)

(Chapter 781 - 795)

စာစဥ် – ၅၃

# Chapter 781

## နွားဖြစ်ချင်တယ်

ရူအန် က ဒုက္ခရောက်သောမျက်နှာဖြစ်သွားသည်။ " ဒါပေမယ့် ကျုပ်က အတော်လေး အလုပ်ရှုပ်နေကျဆိုတော့ ဘယ်အခန်းကိုမှ စာဝင်သင်ဖို့ အချိန်ရှိမယ်မထင်ဘူး"

လပြည့်မြို့အကယ်ဒမီတွင် သင်္ချာဆရာ လုပ်ခဲ့စဉ်က သူ စာမသင်နိုင်ခဲ့သော အချိန်များစွာရှိခဲ့သည်။ ထိုအရာအတွက် အနည်းငယ် အပြစ်ရှိသလိုခံစား နေရသေးသည်။ ယခုအခါ အရှေ့နန်းဆောင်တွင် သူ၏တာဝန် အပြင် ချည် ပန်းထိုးသံတမန်အလုပ်လည်းရှိနေသေးသည်။ သူ၏အလုပ်များအတွက် ခွေးတစ်ကောင်လို ပတ်လည်ပြေးလွှားနေခဲ့သည်။ ထို့ကြောင့် နောက်ထပ် အလုပ်တစ်ခုကို မည်သို့တာဝန်ယူရမည်နည်း။

ရူအန်၏ တုန့်ပြန်မှုကိုကြားရသောအခါ အိမ်ရှေ့မင်းသမီးလည်း စိုးရိမ်လာသည်။ ဒီလူက ပုံမှန်ဆိုရင် ဉာဏ်ပြေးပါတယ်။ ဘာဖြစ်လို့ ရုတ်တရက်ကြီး အရမ်းတုံးသွားတာလဲ။ အကယ်ဒမီရဲ့ ဆရာတစ်ယောက်ဖြစ်ရတာ ဘယ်လောက်အကျိုးများလဲဆိုတာကို မသိတာလား။ ဆရာတစ်ယောက် ဖြစ်ဖို့ ဘယ်လောက် ခက်ခဲလိုက်လဲ။ သူတို့က နင့်အတွက် ခြွင်းချက်တစ်ခု လုပ်ပေးနေတာကိုတောင် ဆင်ခြေတွေပေးပြီး ငြင်းချင်သေးတယ်။ အလုပ်တွေ အရမ်းရှုပ်နေတယ်ပေါ့လေ။

ဝမ်ရှုယန် ပြောလိုက်သည်။ " အဲ့ဒါက ကိစ္စမရှိပါဘူး။ အဲ့ဒီကျောင်းသားတွေကို ဆရာဇူရဲ့အဆင့်နဲ့ သင်ပေးရမှာ မတန်ပါဘူး။ အကယ်ဒမီကို ဘာအတန်းချိန်မှ မပေးဖို့ အကြောင်းကြားလိုက်မယ်"

ကျန်းလော့ဖူ အနည်းငယ်တွန့်ဆုတ်သွားသည်။ " ဒါပေမယ့် သူက ဘယ်အတန်းချိန်မှ မဝင်ရင် ပြဿနာတွေ အများကြီး မဖြစ်စေနိုင်ဘူးလား။ ကောလာဟလတွေ မျိုးစုံထွက်လာလိမ့်မယ်"

" ဒါက ပြဿနာမဟုတ်ပါဘူး။ ဆရာဇူက ကျောင်းသားတွေကို မသင်ပေးရင်တောင် သူ့ကို ငါတို့ဆရာလုပ်လိုက်လို့မရဘူးလား။ ငါတို့အတွက် သင်ခန်းစာအတွက်ကတော့ အချိန်မသတ်မှတ်တော့ဘူး။ ဆရာဇူ အဆင်သပြေလိုပေါ့။ စာသင်တဲ့ပုံစံကတော့ ကျားတစ်ပွဲကစားရုံပေါ့။ ဒီလိုဆိုရင် ဆရာဇူလည်း အပန်းပြေတယ်။ ပင်လည်းမပင်ပန်းတော့ဘူးပေါ့" ဟေးပိုင်ကျိက သူ၏အမြင်ကိုပြောလိုက်သည်။ ကျောင်းသားများကို ဇူအန် စာသင်ပေးရခြင်းက အချိန်ဖြုန်းတီးရာကျနေသည်။ ထိုအချိန်ကို ကစားပွဲ အနည်းငယ် ဆော့လိုက်ခြင်းက ပိုအကျိုးရှိသည်ဟု ထင်နေသည်။

ဖက်တီးယင်ရှီ လည်း နောက်ဆုံးတွင် တိတ်ဆိတ်ခြင်းအချိတ်အပိတ် ပြေသွားပြီဖြစ်သည်။ သူ ချက်ချင်း ခုန်ထွက်ကာ အော်လိုက်သည်။ " မင်းက အရှက်မရှိတာပဲ။ ဆရာဇူက ဘယ်လိုလုပ် ကစားရင်းနဲ့ စာသင်နိုင်မှာလဲ။ အခြားကျောင်းသားတွေရဲ့ အရှေ့မှာ ငါနဲ့ အတွေးအခေါ်ဆွေးနွေးနေသင့်တာပေါ့။ ဒီလိုဆိုရင် ငါတို့တွေ လည်း အကျိုးရှိရုံမကဘူး။ ကျောင်းသားတွေလည်း အမြင်ကောင်းတွေရလာမယ်"

ဝမ်ရှုယန် စိတ်တိုသွားသည်။ " မင်းတို့အားလုံးက အရေးမပါတာတွေ ပြောဖို့ပဲသိတယ်။ ဆရာဇူက ငါနဲ့ ဝတ်မှုံကူးတဲ့ အကြောင်းဆွေးနွေးနေသင့်တာပေါ့။ ဒီလိုဆိုရင် လူသန်းပေါင်းများစွာ ရဲ့ ဘဝတွေအတွက် အကျိုးရှိစေမယ်"

" ငါတို့ ကျင့်ကြံသူတွေက ဘုန်းတော်ကြီး ဖြစ်ဖို့ကြိုးစားနေကြတာမဟုတ်ဘူး ဟုတ်ပြီလား။ ဘာဖြစ်လို့ ကောင်းမှုကုသိုလ်တွေကို ဂရုစိုက်နေရမှာလဲ" ဟေးပိုင်ကျိုနှာမှုတ်လိုက်သည်။ " ပြီးတော့ ဆရာဇူက မင်းကို အခုနကလေးတင် အများကြီးအကူအညီပေးပြီးသွားပြီ။ ဘာဖြစ်လို့ အသေးစိတ်အကြောင်း သူ့ကိုတတွတ်တွတ်ထိုးနေရတာလဲ။ ကိုယ့်ကိုယ်ကို လယ်သမားတစ်ယောက်လို့ခေါ်နေသေးလား။ ဆရာဇူရဲ့ ဗဟုသုတတွေက လူတိုင်းနဲ့ဆိုင်တာပဲ။ မင်းတစ်ယောက်တည်းမဟုတ်ဘူး။ ဂျူနီယာညီမ ရော ဘယ်လိုထင်လဲ "

"ဟုတ်တယ်။ ဟုတ်တယ်" ချီယောင်ကွမ်း ခေါင်းညိတ်လိုက်သည်။ ဟေးပိုင်ကျို စကားဆုံးသည်နှင့် သူမက အကြောင်းအရာကိုပြောင်းလိုက်သည်။ " ဆရာဇူရဲ့ ဉာဏ်ပညာက လူသားမျိုးနွယ် တစ်ခုလုံးနဲ့ ဆိုင်တယ်။ ပြီးတော့ လူတွေရဲ့ အနာဂတ်က စကြာဝဠာအပေါ်မှာ မူတည်နေတာပဲ။ ဒါကြောင့် ညီမနဲ့ နေတိုင်းကြယ်တွေကို စောင့်ကြည့်ပြီးတော့ နက္ခပညာအကြောင်း ဆွေးနွေးသင့်တယ်ထင်တယ်"

" သောက်ကလေး။ နင့်ကိုဒီနှစ်တွေမှာ နင့်ကို အလိုလိုက်ထားတာ

အလကားပဲ။ နင်ကို ရိုက်ပစ်မယ်။ ငါ့ကိုမယုံဘူးလား"

" ဟွန်း၊ လာစမ်းပါ။ ကြောက်မယ်ထင်နေလား။ စစ်တုရင်မှာတောင် မနိုင်ဘဲနဲ့။ ချရင် ရော နိုင်မယ်ထင်နေလား" ချီယောင်ကွမ်း ပြန်ပစ်လိုက်သည်။

...

တပည့်များ၏ ငြင်းခုန်မှုကို မြင်ရသောအခါ စိတ်တိုနေသော အိမ်ရှေ့မင်းသမီး၏ မေးစေ့ မြေပြင်ကျရလောက်အောင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ မြို့တော်ရဲ့ အသိုင်းအဝိုင်းက ပြောနေသလို သီးခြားနေတတ်တယ်ဆိုတာ တကယ်ရောဟုတ်လို့လား။ အဲ့ဒီ အရမ်းကို မာနကြီးကြတဲ့ အကယ်ဒမီ ဆရာတွေကလေ...။
ပါမောက္ခလည်း ဆက်မကြည့်နိုင်တော့ပေ။ ချောင်းဟန့်ကာ ပြောလိုက်သည်။ " မင်းတို့အားလုံး ငါ့ရှေ့ကနေ ထွက်သွားကြစမ်း။ ငါ့ရဲ့ အနားယူမှုကို ဆူဆူညံညံလုပ်ပြီး လာနှောက်ယှက်နေကြနဲ့"

တပည့်များက သူတို့ ဆရာ၏ ဒေါသကို အာရုံခံမိကာ ဆက်လက်မဆူညံရဲတော့ပေ။ သစ်သားအိမ်ဘက်သို့ တရိုတသေ ဂါရဝပြုလိုက်ကာ အပြစ်ရှိသော အသိဖြင့် ထွက်သွားကြသည်။
လမ်းတစ်လျှောက်တွင်တော့ တီးတိုးပြောနေကြသေးသည်။

" ဆရာက ဘယ်တော့မှ တကယ် ဒေါသမထွက်ဘူးလို့ မင်းတို့တွေ ပြောခဲ့ကြတယ်မဟုတ်ဘူးလား"

" သူ ဘာဖြစ်လို့ ဒေါသထွက်နေကြတာလဲ"

နောက်ဆုံးတွင် ကျန်းလော့ဖူ မထိန်းနိုင်တော့ပေ။ " ဟ အကုန်လုံးက သူ့ကို ဆရာဇူ ဆိုပြီး တစ်ယောက်ပြီးတစ်ယောက် ဆက်ခေါ်နေပြီးတော့ ဆရာဖို့ ဦးချလုနီးပါးဖြစ်နေတာကို။ တကယ့် ဆရာအစစ်က ဘယ်လိုခံစားနေရမလဲ"

" သုံးယောက်အဖွဲ့မှာဆိုရင် တစ်ယောက်က ဆရာဖြစ်နိုင်တယ်လို့ ဆရာပဲ သင်ပေးခဲ့တာမဟုတ်ဘူးလား။ ငါတို့တွေက ဆရာဇူကို တကယ်ပဲ ဦးချခဲ့ရင်တောင်မှ ဘာမှားနေလို့လဲ" ဝမ်ရှုယန်က လေးနက်စွာ မေးလိုက်သည်။

" ဘယ်တုန်းက အစ်ကိုတို့ရဲ့ အကျင့်က ဂျူနီယာညီမလေး အဆင့်လောက် ထိကျဆင်းသွားရတာလဲ။ ဒီလိုအခြေအနေရောက်နေတာကိုတောင် အဲ့ဒါကိုတကယ်ယုံနေကြတုန်းလား" ကျန်းလော့ဖူ ဆွံ့အသွားသည်။

ချီယောင်ကွမ်း စတင်၍ မပျော်မရွှင်ဖြစ်လာသည်။ " အစ်မ ၈ သူတို့ကို ကြိုက်သလို ဆူလို့ရတယ်။ ဒါပေမယ့် ဘာဖြစ်လို့ ညီမကို ဆွဲထည့်ရတာလဲ" အခြားတပည့်များက အချင်းချင်း မျက်နှာပျက်ကာ ကြည့်လိုက်ကြသည်။ သူတို့၏ ဆရာကို မရည်ရွယ်ဘဲအပြစ်လုပ်မိသည်ကို သတိပြုမိသောအခါ အပြစ်ရှိသလိုခံစားနေကြရသည်။

ကျန်းလော့ဖူ က ဤအခွင့်အရေးကို အသုံးချကာ ဇူအန့်ကို ဘေးသို့ဆွဲခေါ်

သွားသည်။ " သူလုပ်ဖို့လိုတဲ့ အစဉ်အလာတွေရှိနေသေးတယ်။ ဒါကြောင့် ရှင်တို့တွေနဲ့ မလိုက်တော့ဘူး" အခြားသူတို့လည်း သူတို့၏အတွေးကိုယ်စီကြောင့် သူတို့နှစ်ဦး ကို အတင်းမနေခိုင်းတော့ပေ။

ရှူအန် စိတ်ဝင်စားစွာ မေးလိုက်သည်။ " အခု ကျုပ်တို့ ဘယ်သွားကြမှာလဲ"

" နင်ပဲ ဆေးပေါင်းအိုးတစ်ခုလိုချင်တယ် မပြောခဲ့ဘူးလား။ အစ်ကို ၄ နဲ့ တွေ့ဖို့ခေါ်သွားပေးမယ်" ကျန်းလော့ဖူ ဖြေလိုက်သည်။

ရှူအန် ဇဝေဇဝါဖြစ်သွားသည်။ " လုပ်စရာတွေ ကျန်သေးတယ်လို့ မပြောခဲ့ဘူးလား"

ကျန်းလော့ဖူ မျက်လုံးလှန်လိုက်သည်။ " အဲ့ဒီလို မပြောခဲ့ရင် သူတို့ဆီကနေ ထွက်လာနိုင်မယ်လို့ ထင်လား"

ရှူအန် ပြုံးလိုက်သည်။ " မမကို ဒီလို မျက်နှာနှစ်ဖက်ရှိမယ်လို့ မထင်ထားဘူး"

ကျန်းလော့ဖူ ပြုံးလိုက်သည်။ " နင်က အဲ့ဒီလိုလူတွေနဲ့ ပတ်သက်မိတာကိုး။ ငါလည်းမတတ်နိုင်ဘူး။ ဒါကြောင့် နောင်ကျရင် ငါ့ကို အပြစ်မလုပ်မိတာကောင်းမယ်။ မဟုတ်ရင် ငါက အကျင့်မကောင်းဘူးဆိုတာကို သိတယ်မလား"

ဇူအန် မေးလိုက်သည်။ " မမ က ဘယ်လောက် အကျင့်မကောင်းတာလဲ"

ကျန်းလော့ဖူ ပြုံးလိုက်သည်။ " ငါ့ရဲ့ ကျွမ်းကျင်မှုနယ်ပယ်ကို မေ့နေပြီလား။ ငါက ဟိုးရှေးခေတ်ကတည်းက အခုထိရှိလာတဲ့ တစ်သိန်းသုံးသောင်း ခြောက်ရာရှစ်ဆယ့်နှစ်နည်း ရှိတဲ့ အပြစ်ပေးနည်းတွေကို သိတဲ့ ဥပဒေ ကျွမ်းကျင်သူပဲ။ နင် လိုချင်ရင် နင့်ကို ပြပေးလို့ရတယ်"

သို့သော် ဇူအန်က အနည်းငယ်တောင် မကြောက်ပေ။ " မမ က ရှေ့နေတစ်ယောက်ဆိုတော့ ဥပဒေကို မချိုးဖောက်လောက်ဘူး။ ကျုပ် က ဥပဒေကို မချိုးဖောက်သရွေ့ ဒီလိုအသေးအမွှားလောက်လေးနဲ့ အပြစ်ပေးမယ်မထင်ဘူး"

" ဟမ်" ကျန်းလော့ဖူ အံ့ဩသွားသည်။ " ကောင်လေး၊ နင်က တကယ်ကို တစ်ခုခုပဲ။ အခြားသူတွေကို ထိန်းထားနိုင်တာကို တိုက်ဆိုင်တယ်လို့ ထင်နေခဲ့တာ။ အခုမှ နင်က ဒီနယ်ပယ်တွေ အားလုံးကို တကယ်နားလည်နေတဲ့ပုံပဲ။ ဒါက ထူးဆန်းတယ်... လူတစ်ယောက်က လေ့လာနိုင်တဲ့ အကန့်အသတ်ဆိုတာရှိတယ်။ နင်က အသက်ငယ်ငယ်လေးနဲ့ ဘာဖြစ်လို့ ဒီလောက်အများကြီး သိနေရတာလဲ"

ဇူအန် စိတ်ထဲတုန်လှုပ်သွားသည်။ သို့သော် အေးဆေးနေဟန်ရှိသေးသည်။ " ကျုပ်လည်း မသိဘူး။ ဖတ်ခဲ့သမျှ အားလုံး တိုက်ဆိုင်မှုရှိချိန်မှာ မှတ်မိသွားတာပဲ။ ပြီးတော့ မျိုးစုံကိုဖတ်ဖူးခဲ့တာပဲ။ ဒါကြောင့် အားလုံးကိုနည်း

နည်းစီ သိနေတာ။ ဒါပေမယ့် အဲ့ဒီလောက်ပါပဲ။ မမတို့အားလုံးလို အထူးကျွမ်းကျင်သူတွေအတွက်ဆိုရင် ဘာမှမဟုတ်ပါဘူး"

ကျန်းလော့ဖူ ပြုံးလိုက်သည်။ " အနည်းဆုံးတော့ နှိမ့်ချတတ်သားပဲ။ ဘာလဲ ငါတို့အားလုံးက နင့်ကို မနာလိုဖြစ်မှာကို စိုးရိမ်နေတာလား။ ရိုးရိုးသားသား ပြောရရင် နင့်ရဲ့ အကြည်ရောင်အဆင့် ပါရမီ က တကယ်ကို မနာလိုဖြစ်စရာပဲ"

ရှုအန်က ရေအတိမ်အနက်ကို စမ်းသပ်လိုက်သည်။ " ပါမောက္ခရော ဒါကို သိလား" ထိုအချက်ကြောင့် အပူဇော်ခံအရှင် က သူ့ကိုမျက်နှာသာပေးခဲ့သလားကို သိချင်နေသည်။

ကျန်းလော့ဖူ ခေါင်းခါလိုက်သည်။ " ဒီကိစ္စက အရမ်းအရေးကြီးတယ်။ နင့်ရဲ့ ခွင့်ပြုချက် မရဘဲ နောက်တစ်ယောက်ကို ဘယ်လိုပြောနိုင်မှာလဲ။ နင့်အသက်ကို ရုတ်တရက် အန္တရာယ် ဖြစ်သွားစေနိုင်တယ်"

ရှုအန် ရင်ထဲနွေးသွားသည်။ " မမ က ကျုပ်အပေါ် အရမ်းကောင်းတာပဲ။ ဒါပေမယ့် ဘာမှပြန်လုပ်ပေးနိုင်တာ မရှိဘူးဖြစ်နေတယ်။ ဒီလိုလုပ်ပါက မမအတွက် နွားတစ်ကောင်လို အလုပ်လုပ်ပေးမယ်လေ"

ကျန်းလော့ဖူ ပြုံးလိုက်သည်။ " ငါက လယ်သမားမှ မဟုတ်တာ။ နွားတွေ၊ မြင်းတွေက ဘာလုပ်ရမှာလဲ"

ဇူအန် စိတ်ထဲ သက်ပြင်းချလိုက်သည်။ နွားလို အလုပ်လုပ်ပေးမယ်ဆိုရင် ပြန်လုပ်ပေးစရာက မြက်ကျွေးရုံပဲလေ။ ဒါလေးတောင် မလုပ်ချင်ဘူးလား။

ရုတ်တရက် တစ်စုံတစ်ရာကို ခံစားမိကာ ကျန်းလော့ဖူကို သူ့ အနောက် ကပ်လိုက်သည်။ " သတိထား " ပြောရင်းဖြင့် တခဏက သူရပ်နေသော နေရာသို့ ပုံရိပ်ကြီးတစ်ခု ပြုတ်ကျလာခဲ့သည်။ နေရာတိုင်းတွင် ဖုန်များထ သွားပြီး မြေကြီးတောင် တုန်သွားရသည်။

ဇူအန်က သူ့အရှေ့တွင်ရှိနေသော ငှင်းအရာကိုကြည့်လိုက်သည်။ ငှင်းသည် တစ်လံခန့် အမြင့်ရှိပြီး သံအရောင်ဖြစ်သည်။ အစက ငှင်းကို မိစ္ဆာ သားကောင်တစ်ချို့ဟု ထင်ခဲ့သော်လည်း ငှင်းထံမှ အသက်ဓာတ် မခံစားရ ပေ။ သို့သော်လည်း ငှင်းသည် အပြင်ပန်းတွင် လူနှင့်ဆင်တူနေပြီး အဆ များစွာ အရွယ်ကြီးနေရုံသာဖြစ်သည်။

" ဒါက... စက်ရုပ်ကြီးလား" ဇူအန် အတော် အံ့သြသွားသည်။

ကျန်းလော့ဖူ က သူ့ကိုတားလိုက်သည်။ " စိုးရိမ်စရာမလိုပါဘူး။ ဒါက စီနီ ယာ ၄ ရဲ့ ဂိုလမ် ပဲ။ နင့်ကို မသိလို့ ကျူးကျော်သူလို ဆက်ဆံခဲ့တာဖြစ်မယ်" သူမက တံဆိပ်ပြားတစ်ခု ထုတ်ယူကာ ငှင်းအရှေ့တွင် ဝှေ့ရမ်းပြလိုက် သည်။ " ငါက စီနီယာ ၄ ကို လာတွေ့တာ"

ဂိုလမ်၏ အနီရောင်မျက်လုံးက သူမ၏တံဆိပ်ပြားဆီသို့ ရွေ့သွားပြီးနောက် တောင့်တင်းသော၊ အသံခြောက်တစ်ခုဖြင့် ပြောလိုက်သည်။ " လူအတည်

ပြုပြီး။ ကျေးဇူးပြုပြီးတော့ ဆက်သွားပါ"
စကား၏အဆုံးတွင် ဘေးသို့လမ်းဖယ်ပေးလိုက်ပြီး တဖြည်းဖြည်း ထိုင်ချလိုက်သည်။ သူ၏မျက်လုံး၏ အနီရောင်လည်း မှေးမှိန်သွားသည်။ ထို့နောက် သူ၏ခြိမ်းခြောက်ဖွယ် အော်ရာ တစ်စုံတစ်ရာမှမရှိတော့ဘဲ ကျောက်ရုပ်တစ်ရုပ်ပမာ ငြိမ်သက်သွားသည်။

ဇူအန် အကြိမ်များစွာ လှည့်ကြည့်နေမိသည်။ သူ အတော်စိတ်လှုပ်ရှားနေသည်။ ဒါက တကယ်ပဲ စက်ရုပ်ကြီးတစ်ရုပ်ပဲ။ ထိုအခိုက်အတန့်တွင် သူ၏ယခင်ကမ္ဘာဟောင်းသို့ ပြန်ရောက်သွားသလိုခံစားနေရသည်။

***